## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
## ဝန်ကြီးရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၄ /၂၀၀၅
### ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
### ( ၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက် )

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ၃၃၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်တွင်း၌ ရောင်းချသော တိရစ္ဆာန်အစာကို စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ တိရစ္ဆာန်အစာရောင်းချသူသည်-

(က) ဤအမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တိရစ္ဆာန်အစာရောင်းချခြင်းလုပ်ငန်း နှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ဤမှနောင်တွင် ဦးစီးဌာန ဟူ၍ခေါ်ဝေါ် သုံးနှုန်းမည်)၏ သက်ဆိုင်ရာမြို့နယ်တာဝန်ခံရုံးသို့ သတ်မှတ်ထားသောပုံစံဖြင့် စာရင်းပေး သွင်းရမည်။

(ခ) ဤအမိန့်ထုတ်ပြန်ပြီးနောက်ပိုင်းတွင်မှ လုပ်ငန်းစတင်ခြင်းဖြစ်ပါက ယင်းလုပ်ငန်း မစတင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာန၏ သက်ဆိုင်ရာမြို့နယ်တာဝန်ခံရုံးသို့ သတ်မှတ် ထားသော ပုံစံဖြင့် စာရင်းပေးသွင်းရမည်။

(ဂ) ရောင်းချသောတိရစ္ဆာန်အစာသည် အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ၊ တိရစ္ဆာန်များကို ဘေးအန္တရာယ် ဖြစ်စေနိုင်ခြင်း ရှိ မရှိ ဦးစီးဌာန၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ဃ) ဦးစီးဌာန၏ စစ်ဆေးချက်အရ ရောင်းချသည့် တိရစ္ဆာန်အစာသည် တိရစ္ဆာန်များကို ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း တွေ့ရှိရသဖြင့် ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ် ပိတ်ပင်ချက်ကို လိုက်နာရမည်။

(င) ဦးစီးဌာန၏ စစ်ဆေးချက်မှတ်တမ်းကို ထိန်းသိမ်းထားရှိရမည်။

၂။ တိရစ္ဆာန်အစာစပ်စက်ရုံလုပ်ငန်းတည်ထောင်၍ တိရစ္ဆာန်အစာထုတ်လုပ်ရောင်းချသူသည်-

(က) အပိုဒ် ၁၊ အပိုဒ်ခွဲ(က) သို့မဟုတ် (ခ) ပါနည်းလမ်းအတိုင်း စာရင်းပေးသွင်းရမည်။

(ခ) ထုတ်လုပ်ရောင်းချသည့်တိရစ္ဆာန်အစာသည် အရည်အသွေးပြည့်မီခြင်း ရှိ မရှိ၊ တိရစ္ဆာန်များကို ဘေးအန္တရာယ်ဖြစ်စေနိုင်ခြင်း ရှိ မရှိ ဦးစီးဌာန၏စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဦးစီးဌာန၏စစ်ဆေးချက်အရ ထုတ်လုပ်ရောင်းချသောတိရစ္ဆာန်အစာသည် တိရစ္ဆာန်များကို ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်းတွေ့ရှိရသဖြင့် ဆက်လက်ထုတ်လုပ်ရောင်းချခြင်းမပြုရန် တားမြစ်ပိတ်ပင်ချက်ကို လိုက်နာရမည်။

(ဃ) ဦးစီးဌာန၏ စစ်ဆေးချက်မှတ်တမ်းကို ထိန်းသိမ်းထားရှိရမည်။

၃။ တိရစ္ဆာန်အစာရောင်းချသူ သို့မဟုတ် တိရစ္ဆာန်အစာစပ်စက်ရုံလုပ်ငန်းတည်ထောင်၍တိရစ္ဆာန်အစာ ထုတ်လုပ်ရောင်းချသူသည်-

(က) တိရစ္ဆာန်အစာအရည်အသွေးပြည့်မီရေး၊ တိရစ္ဆာန်များဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ ဦးစီးဌာနတာဝန်ရှိဝန်ထမ်း၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) ဦးစီးဌာနတာဝန်ရှိဝန်ထမ်းက စစ်ဆေးစမ်းသပ်ရန် လိုအပ်သည့်တိရစ္ဆာန်အစာနမူနာများ ရယူခြင်းကို အခမဲ့ပေးအပ်ရမည်။

(ဂ) တိရစ္ဆာန်အစာစစ်ဆေးခြင်းအတွက် ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်ရမည်။

၄။ တိရစ္ဆာန်အစာရောင်းချသူ သို့မဟုတ် တိရစ္ဆာန်အစာစပ်စက်ရုံလုပ်ငန်းတည်ထောင်၍ တိရစ္ဆာန်အစာထုတ်လုပ်ရောင်းချသူသည် ဤအမိန့်ပါဖော်ပြချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၂၂ အရ အရေးယူခြင်းခံရမည်။

ပုံ/-

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)
ဝန်ကြီး
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

စာအမှတ်၊ ၁/၁၉၀ (က) / ( ၃၁၆ /၂၀၀၅ )
ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက်

ဖြန့်ဝေခြင်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး
၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်
၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှေ့နေချုပ်ရုံး
၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး
၇။ ဝန်ကြီးဌာန ( အားလုံး )
၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၉။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
၁၀။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ( အားလုံး )
၁၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ် ( အားလုံး )
၁၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
(မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ -

(ကျော်ကျော်ဌေး)
ရုံးအဖွဲ့မှူး